လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ November 2025

# အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ ကောင်စီအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ဆွေးနွေး





**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် တရုတ်နိုင်ငံ**

ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီ အစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ တို့အား တရုတ်နိုင်ငံ၊ ဟိုင်နန်မြို့၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်မှ (၇)ရက်အထိ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာ ကောင်စီဥက္ကဋ္ဌ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာ Wang Xiangxi နှင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်တွင် သီးခြားတွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ ကြိုတင်သတိပေးစနစ်နှင့် သတင်း အချက်အလက်မျှဝေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးကတရုတ်နိုင်ငံ၏ဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်မှုကို အခြေခံသည့် မန္တလေး ငလျင်ကြီးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးခဲ့မှုများအတွက် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရေးပေါ်စီမံခန့်ခွဲမှု ဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံ၊ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Wang Xiangxi က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ကိုမိုရို၊ ဂမ်ဘီယာ၊ ဂျော့ဂျီယာ၊ ဟွန်ဒူးရပ်၊ မာလဝီ၊ တွန်ဂါနှင့် ဇင်ဘာဘွေနိုင်ငံများနှင့် ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ် ထိခိုက်

ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံး (UNDRR)နှင့် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင် ပြင်ဆင်ရေးစင်တာ (ADPC) တို့အား အဖွဲ့ဝင်အဖြစ် အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပြီး ကောင်စီ အဖွဲ့ဝင်များက နိုင်ငံအလိုက် အမှာစကားများပြောကြားခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီး က ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ် အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီသည်ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ လုပ်ငန်းခွင် ဘေးကင်း လုံခြုံရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးကိစ္စရပ်များကို အဖွဲ့ဝင်နိုင်ငံများ အကြား ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ အတွေ့အကြုံကောင်းများမျှဝေခြင်းတို့အတွက်ကောင်းမွန် သည့်ပလပ်ဖောင်းတစ်ခု ဖြစ်ပါကြောင်း၊ ကောင်စီ၏ "ပြည်သူသည်သာပထမ၊ ပြည်သူ့ ဘဝရှင်သန်ရေးသည် အဓိကဦးစားပေး" ဆိုသည့် ရည်မှန်းချက်သည် မိမိ ဝန်ကြီးဌာန၏ ဦးတည် ရည်မှန်းချက်ဖြစ်သော ပြည်သူ များဘေးကင်းလုံခြုံပြီး ဘေးဒဏ်မှ ကြံ့ကြံ့ခံရင်ဆိုင် နိုင်သည့် လူမှုအသိုက်အဝန်းဖြစ်စေရေးနှင့် ကိုက်ညီမှု ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ် BRIDRREM ၏ဆောင်ပုဒ် ဖြစ်သော "A Community with a Shared Future: Building a Rapid and Efficient Emergency Rescue Mechanism" အား ကြိုဆိုထောက်ခံပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ဆောင်ပုဒ်နှင့်အညီ လက်တွေ့ကျသော လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများနှင့် အတူလက်တွဲ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် တရုတ်နိုင်ငံ၊ ဟိုင်နန်မြို့ ရေပြင် ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးဘေး ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသမှုသို့ ကြည့်ရှုလေ့လာခဲ့ပါသည်။

ဆက်လက်၍ ဝန်ကြီးများအဆင့် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing က ညီလာခံ တက်ရောက်လာကြသော ဝန်ကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများမှ ဝန်ကြီးများက နိုင်ငံအလိုက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလျှော့ချရေးနှင့် အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှု ဆိုင်ရာ မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင်ရပ်ဝန်း နှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာ ပဋိညာဉ်ကို ကမ္ဘာလုံးဆိုင်ရာ မူဘောင် များဖြစ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (Sustainable Development Goals- SDGs) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆိုင်ရာ ဆန်ဒိုင်းမူဘောင်တို့နှင့်အညီ ရေးဆွဲထားပြီး ဖြစ်သည့်အတွက် မြန်မာနိုင်ငံသည်လည်း အခြားသော အဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်လျက်ရှိနေ ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေး ငလျင်ကြီးတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင်တရုတ် နိုင်ငံအပါအဝင်နိုင်ငံပေါင်း(၂၅)နိုင်ငံမှရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များ လာရောက်ကူညီဆောင်ရွက်ပေး သကဲ့သို့ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်ရာများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အဦ များအပါအဝင်ဘက်စုံပြန်လည်ထူထောင်ရေး၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော် အကြီးအကဲ ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ၊ AI နည်းပညာများ ပိုမို အသုံးချ ဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်း ပြောကြားခဲ့ပြီး အစည်းအဝေးအပြီးတွင် ဝန်ကြီးများအဆင့်ညီလာခံ၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု (Disaster management)၊ လုပ်ငန်းခွင် ဘေးကင်း လုံခြုံရေး (Work Safety)နှင့် အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး (Emergency Rescue) ဟူသည့် ခေါင်းစဉ် (၃) ခုဖြင့် ဆွေးနွေးပွဲများကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်တွင် ကျင်းပခဲ့ရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး (Emergency Rescue) ခေါင်းစဉ်ဖြင့် ကျင်းပသည့် အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အရေးပေါ်စီမံခန့်ခွဲမှု ဝန်ကြီးဌာန၏ ဖိတ်ကြားချက်

အရ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး (Emergency Rescue) သည် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုတွင် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး၏ အတွေ့အကြုံများကို မျှဝေခွင့်ရရှိသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စနစ်ကျသောဖွဲ့စည်းမှုတို့ ရှိပြီး ဖြစ်၍ မန္တလေးငလျင်ကြီးတွင် ငလျင်လှုပ်ခတ်ပြီး အချိန်တိုအတွင်း နိုင်ငံတော်အကြီးအကဲ၏ ဖိတ်ခေါ်မှုအရ တရုတ်နိုင်ငံအပါအဝင်နိုင်ငံပေါင်း(၂၅)နိုင်ငံမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လာရောက်၍ ငလျင်ဘေးသင့်ဒေသများတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု အပါအဝင် ငလျင်ဘေးတုံ့ပြန်ရေးဆောင်ရွက်ချက်များ၊ အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ်အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့် ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်နေမှုများကို ထည့်သွင်းပြောကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နားမကြားသောကလေးများကျောင်းနှင့် ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) အား ကြည့်ရှုစစ်ဆေး**




**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးမှ ကလေးများအား အတန်းပညာကို လက်သင်္ကေတပြဘာသာစကား (Sign Language) ဖြင့် သင်ကြားပေးနေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သော ကွန်ပျူတာကျွမ်းကျင်မှု၊ ပန်းအလှပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ မုန့်မျိုးစုံနှင့် အစားအစာချက်ပြုတ် ပြင်ဆင်မှုသင်တန်း၊ အကသင်တန်း၊ ပလပ်စတစ်ဆွဲခြင်း ရက်လုပ်ခြင်းသင်တန်း၊ ပန်းချီသင်တန်း အစရှိသည့်ပညာရပ်များ

လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလေးများအား စာပေပညာနှင့်အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသား/ ကျောင်းသူ အိပ်ဆောင်များကို လိုက်လံစစ်ဆေးကာ ကလေးများအနေဖြင့် ရပ်ရွာလူ့အသိုင်း အဝိုင်းအတွင်း မိမိကိုယ်ကိုယုံကြည်မှုရှိစွာဖြင့် ဝင်ဆံ့ရပ်တည်နိုင်စေရေး၊ မိသားစုနှင့် နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်လာစေရေး စနစ်တကျ သင်ကြားလေ့ကျင့်နိုင်ရန် အတွက် စေတနာ၊ ဝါသနာ၊ ကရုဏာ အရင်းခံ၍ ကျွမ်းကျင်သည့် နည်းပညာများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) သို့ သွားရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ရေသန့်စင်စက်တင်ယာဉ်များ၊ အသက်ကယ် ရာဘာလှေ၊ အသက်ကယ် ရာဘာဘောကွင်း အစရှိသည့် ရေဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ ပစ္စည်းများ ရောက်ရှိသိုလှောင်ထားရှိမှုနှင့်ပစ္စည်းအမျိုးအစားအလိုက်ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဖြန့်ခွဲသိုလှောင်ထိန်းသိမ်းထားရှိမည့် အစီအမံ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှု ဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင်ရန်ကုန်တိုင်းဒေသကြီး အတွင်း တာဝန်ထမ်းဆောင် လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန (၃) ခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ ဦးတည်ရည်မှန်းချက်များနှင့်အညီ ဦးစီးဌာန အလိုက်လုပ်ငန်း တာဝန်များကိုထိရောက်မြန်ဆန်စွာထမ်းဆောင်နိုင်ရေးဆိုင်ရာများ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ၂၀၂၅ ခုနှစ်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်းလိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီတို့မှကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊

အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း က အဖွင့်အမှာစကားပြောကြားရာ၌ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အခမ်းအနားများကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ်ကျင်းပဆောင်ရွက်လျက် ရှိပါ ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်း အပေါ်သာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်း အတွက် ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက အမျိုးသမီး ၃ ဦးတွင် ၁ ဦးသည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အနည်းဆုံး တစ်ကြိမ် အကြမ်းဖက်မှုကိုကြုံတွေ့ခဲ့ရသည်ဟုဖော်ပြခဲ့ပါကြောင်း၊ လူ့အဖွဲ့အစည်း၏ စံနှုန်းများ၊ လူမှုရေး အမြင်များ ဥပဒေလိုက်နာမှုအားနည်းခြင်းနှင့် အရင်းအမြစ်များ လုံလောက်မှုမရှိခြင်းများကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် အကန့်အသတ်များရှိနေဆဲ ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် ရာသီဥတု ပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုကို ဖြစ်စေ သလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုလည်း ပိုမိုမြင့်တက်စေပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လွန်ခဲ့သည့် နှစ် ၃၀ အတွင်း အကြမ်းဖက်ခံရသူများကို အကာအကွယ် ပေးသည့် မဟာဗျူဟာများနှင့် ကဏ္ဍအလိုက်ဝန်ဆောင်မှုများ၊ ဥပဒေများနှင့် မူဝါဒများအပါအဝင် သိသာသောတိုးတက်မှုများကို ကမ္ဘာတစ်ဝှမ်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ကုလသမဂ္ဂမှချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ် ဆောင်ပုဒ်မှာ **“ Unite to End Digital Violence against All Women and Girls”** **“အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှု ပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး”** ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် အကြမ်းဖက်မှုများသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေများ ပြဋ္ဌာန်းပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယနေ့အခမ်းအနားတွင် ဒစ်ဂျစ်တယ်အခြေပြု အကြမ်းဖက်မှုခံရသည့် အမျိုးသမီးများအတွက် တရားမျှတမှုရရှိရေး၊ ထိရောက်စွာအကာအကွယ်ပေးနိုင်ရေး၊ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များ အားကောင်းစေရေး အတွက် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများ၊ မီဒီယာများအားလုံးပူးပေါင်း ဆောင်ရွက်ကြရန် ဆောင်ပုဒ်ဖြင့်လှုံ့ဆော်ပေးခြင်းဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာန/ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့်သူများက Help Line ဖုန်းနံပါတ် 1566 ကို တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်ပေါ် မူတည်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ (Case Manager) (၅၉၆) ဦးနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသည့်စင်တာ (One Stop Women Support Center-OSWSC) နှင့် ကျားမအခြေပြု အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့် စင်တာ (One Stop Crisis Center - OSCC) တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနများတွင် ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ




**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက်သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားများ ပြောကြားခဲ့ ကြပါသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လူမှုရေးပင်စင် ထောက်ပံ့ငွေများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေများ၊ တိုက်ပွဲရှောင် ပြည်သူများအတွက် ထောက်ပံ့ငွေများ စုစုပေါင်း ငွေကျပ် ၁၂၄၅၉ ဒသမ ၄၂၈ သန်းအား ထောက်ပံ့ပေးအပ် ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ကုက္ကိုဝကျေးရွာအုပ်စု၊ ကုက္ကိုဝကျေးရွာ၌ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ဘိုးပိုင်အခြေပြုကျောက်စီတမံ တည်ဆောက်ခြင်း (အလျား ၈၅၀ ပေ) လုပ်ငန်းခွင်သို့ သွားရောက်ရာ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘိုးပိုင်များ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို လုပ်ငန်းရှင်းလင်းဆောင်တွင်ပါဝါပွိုင့်များ၊ ဓာတ်ပုံမှတ်တမ်းများနှင့် ရှင်းလင်းတင်ပြခဲ့ပြီး

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး အထူး အလေးထားဆောင်ရွက်ရန်၊ ပစ္စည်းများအရည်အသွေး ပြည့်မီစွာဖြင့် စံချိန်စံညွှန်း ပြည့်မီစေရေး ကြပ်မတ်စိစစ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီးနောက် လုပ်ငန်းခွင်ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ သိုလှောင်ရုံအတွင်း ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီးကယ်ဆယ်ရေး ပစ္စည်းများအား လေလွင့်ပျက်စီးမှုမရှိစေရေး လုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျဆောင်ရွက်ကြရန်၊ သိုလှောင်ရုံအတွင်း ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံဖြည့်တင်းထားရှိရန်၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းရေး၊ စွန့်ပစ်အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး၊ လမ်းညွှန်မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သိုလှောင်ရုံဆောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှု





**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ် ၂ လမ်းမကြီးအနီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သိုလှောင်ရုံဌာနခွဲ (ရွာသာကြီး) ဝန်းအတွင်းရှိ မြေကွက်လပ်နေရာသို့ သွားရောက်၍ ငလျင်ဘေးသင့်ဒေသများ၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အိမ်ရာများ၊ ရုံးများ၊ အဆောက်အဦများ တည်ဆောက်ဆဲ ကာလတွင် ယာယီအသုံးပြုလျက်ရှိသော တရုတ်နိုင်ငံက လှူဒါန်းထားသည့် ယာယီအိမ်ရာများ (Container House) ၊ ယာယီရုံးများ( Container Office) များကိုအမြဲတမ်းအဆောက်အဦများဆောက်လုပ်ပြီးစီးသွားပါက စနစ်တကျ ပြန်လည် သိမ်းဆည်းထားရှိနိုင်ရေးအတွက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သိုလှောင်ရုံဆောက်လုပ်နိုင်ရန် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ ရေဝင်/ရေဝပ်နိုင်သည့်နေရာဖြစ်သောကြောင့်သိုလှောင်ရုံကို ရေလွတ်နိုင်သည့်အမြင့်အထိ ဆောက်လုပ်နိုင်ရေး၊ သိုလှောင်ရုံဆိုင်ရာ သတ်မှတ်စံချိန် စံညွှန်းနှင့် ညီညွတ်မှုရှိစေရေး၊ မြေအခြေအနေနှင့် သိုလှောင်ထားရှိမည့် Container များ၏ ခံနိုင်ဝန်တို့ကို စနစ်တကျ တွက်ချက်၍ ရေရှည်အသုံးပြုနိုင်ပြီး စက်ယန္တရားများဖြင့် သယ်ဆောင်အတင်အချ ပြုလုပ် နိုင်သည့် ပုံစံဒီဇိုင်းနှင့် အကျယ်အဝန်းရှိသည့် သိုလှောင်ရုံ များဖြစ်စေရေး အဖက်ဖက်မှ ထည့်သွင်းတွက်ချက် တင်ပြရန်မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။

## ရေဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ကြီးထောင့်မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကျင်းပ






**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်** **ရေဝတီတိုင်းဒေသကြီး**

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ကြီးထောင့် မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်၍ ကျောင်းဆိုင်းဘုတ်အား စက်ခလုပ်နှိပ် ဖွင့်လှစ်ခဲ့ပါသည်။

ထို့နောက် မူလတန်းကြိုကျောင်းကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုပြီး မူကြိုကလေးငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကာ မုန့်နှင့်အရုပ်များ ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်ဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်၌ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ကလေးသူငယ်များရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အဓိကတာဝန်ယူ ဆောင်ရွက်ရပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်အဖြစ် သတ်မှတ်သည့် မွေးဖွားသည်မှ အသက် (၈)နှစ် အရွယ်ထိ အချိန်ကာလဟာ ကလေး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသာမက ဦးနှောက်ကြီးထွားဖွံ့ဖြိုးမှု အားအကောင်းဆုံးနှင့် သင်ယူနိုင်မှုအားအကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ ဘဝတစ်သက်တာအတွက် အရေးကြီးဆုံး အခြေခံအုတ်မြစ်ကိုချပေးကြရမည့် အချိန်ကာလဖြစ်ပါကြောင်း၊ ကန်ကြီးထောင့် မူလတန်းကြိုကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၃၆၀.၈၃၀) သန်းဖြင့် RC (၃) ထပ် အဆောက်အဦကို ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ကန်ကြီးထောင့် မူလတန်း ကြိုကျောင်းကို ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းဖြင့် အသက် (၃) နှစ်မှ (၅) နှစ် မူလတန်းကြိုအရွယ် ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာဖြစ်ပါကြောင်း၊ မူလတန်းကြိုအရွယ်မှာ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ ရရှိစေရေး ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကလေး သူငယ်များဟာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်သွားကြမည့် အရေးပါတဲ့သူများဖြစ်သည့်အတွက် နိုင်ငံတော် အနေဖြင့် ယခုလို အခြေခံအဆောက်အဦများ တည်ဆောက်ပေးပြီး စနစ်ကျသည့်ပြုစု စောင့်ရှောက်မှုများ ပံ့ပိုးပေးသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကျေးဇူးအထူး တင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနဲ့ ရပ်ရွာပြည်သူလူထုတို့ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံအတွက်အားထားရတဲ့ လူတော် လူကောင်းလေးများဖြစ်အောင် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက် ပေးသွားရမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ မူလတန်းကြိုကျောင်းမြေနေရာအား လှူဒါန်းသော အလှူ့ရှင် ပါရမီရိပ်သာ ကျောင်းတိုက်ဒါယိကာ၊ ဒါယိကာမများနှင့် ပါရမီဘက်စုံထောက်ကူ

အဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီးကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား ရောဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ကန်ကြီးထောင့် မူလတန်းကြို ကျောင်းတွင် ကလေးငယ် (၇၅)ဦး တက်ရောက်လျက်ရှိပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် ပုသိမ်ကလေးပြုစုရေးဌာနသို့ သွားရောက်၍ ကလေးငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မုန့်နှင့်အရုပ်များ ပေးအပ်ခဲ့ပြီး ကလေးပြုစုရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်၍ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်တင်ရေး ရပ်ရွာအခြေပြု မုန့်လုပ်နည်းသင်တန်းတွင် တက်ရောက်နေသော သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ရာ သင်တန်းများမှ အကျိုးရှိအောင်အသုံးပြုရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် သင်တန်းတက်ပြီးသူ ကျောင်းသူများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆောင်ရွက်နိုင်မှု ရှိ-မရှိအား ဆရာမများမှ စဉ်ဆက်မပြတ်ဆန်းစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် သင်တန်းသားများ ခေါ်ယူသည့်အခါတွင် သင်တန်းများနှင့်ပတ်သက်၍ အရည်အချင်းများအား ထည့်သွင်းပြီး ဖော်ပြရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ**



**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady ဦးဆောင်သောအဖွဲ့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌

လက်ခံတွေ့ဆုံခဲ့ရာ ဝန်ကြီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNOCHA တို့အကြား ကာလကြာရှည်စွာ လုပ်ငန်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများ၊ မန္တလေးငလျင်ကြောင့် ထိခိုက်မှုများအတွက်နိုင်ငံတော်မှပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ လူသားချင်း စာနာမှုအကူအညီပေးရေးနှင့်စပ်လျဥ်း၍ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အားလက်ခံတွေ့ဆုံ



**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာ နိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ ကုလသမဂ္ဂဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံခရီးစဉ် နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့် သက်တမ်းတိုးရေး ကိစ္စများ၊ UNHCR နှင့် ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး နိုင်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်** **နေပြည်တော်**

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှ ငွေကျပ်သိန်း(၁၅၀)၊ မြန်မာနိုင်ငံစာကြည့်တိုက် များ ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း(၂၀၀)၊ စုစုပေါင်း ငွေကျပ်သိန်း(၃၅၀)ကိုအမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လာရောက် လှူဒါန်းခဲ့ရာဒုတိယဝန်ကြီး၊ ဒေါက်တာသန်းစိုး က လက်ခံ ရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ပါသည်။

## ဒုတိယဝန်ကြီးဒေါက်တာသန်းစိုး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပနေမှုအား ကြည့်ရှုအားပေး



**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲအား **“လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး”** ခေါင်းစဉ်ဖြင့် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော်၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

မသန်စွမ်းသူများ လူမှုအသိုက်အဝန်းအတွင်း တန်းတူညီမျှပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့် မညီမျှမှုမရှိစေရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ကိုယ်၊ စိတ်ကျန်းမာကြံ့ခိုင်ရန် ပံ့ပိုးဆောင်ရွက်မှုကို မြှင့်တင်ပေးရေးတို့အတွက် အပြည်ပြည်ဆိုင်ရာမသန် စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်းကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်တွင် နိုင်ငံတော်အဆင့်အဖြစ် ကျင်းပခဲ့ရာ မသန်စွမ်းမှုဆိုင်ရာ ကိစ္စများအပေါ် ကျောင်းသား၊ ကျောင်းသူများ၏ သိမြင်နားလည်မှု တိုးပွား လာစေရေးနှင့် မတူကွဲပြားမှုကို လက်ခံပြီး စည်းလုံးညီညွတ်သည့် လူ့အဖွဲ့အစည်းကို ပျိုးထောင်နိုင်ရေးအတွက် စာစီစာကုံးပြိုင်ပွဲကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြို့နယ် (၈) မြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား (၁၅)ဦး၊ ကျောင်းသူ (၅၉) ဦး၊ စုစုပေါင်း (၇၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပါသည်။

## ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် ရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ Microsoft Excel (Basic) သင်တန်းဖွင့်လှစ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချုပ်ရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေး နှင့် ရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးရည်ရွယ်၍ ဌာနတွင်း Microsoft Excel (Basic) သင်တန်းဖွင့်ပွဲ အခမ်းအနားအား (၂၄-၁၁-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ တိုးတက်ပြောင်းလဲလာသော နည်းပညာခေတ်၌ IT နည်းပညာသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာ၌ စာရင်းဇယားများ ရေးဆွဲခြင်း၊ Formula များ အသုံးပြု၍ ကိန်းဂဏန်း အချက်အလက်များ တွက်ချက်ခြင်း၊ ဆန်းစစ်လိုသည့် Data များကို စိစစ်၍ ဖော်ထုတ်စစ်ဆေးနိုင်ခြင်း၊ Excel Data များ အသုံးပြု၍ ရေးဆွဲထားသည့် စာရင်းဇယားများအား မြင်သာမှုရှိစေရန် Chart များ၊ Graph များဖြင့် ဖော်ပြ၍ တင်ပြနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေရန် အတွက် ယခုကဲ့သို့ Microsoft Excel (Basic) အသုံးပြုနည်းသင်တန်းကို ဖွင့်လှစ် သင်ကြားပေးရခြင်း ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများလုပ်ဆောင်ရာ၌ IT Soft Skill များဖြစ်သည့် Microsoft Office ၊ Adobe Photoshop နှင့် Adobe PageMaker အစရှိသည့် ပညာရပ်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှသာ ရုံးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် အချိန်ကုန် သက်သာ စေမည်ဖြစ်ကြောင်း၊ သင်တန်းသား/သူများ အနေဖြင့် သင်တန်းမှ ပို့ချသည့်သင်ခန်းစာများကို စနစ်တကျလေ့လာပြီး ကျွမ်းကျင်တတ်မြောက်သည်

အထိ ကြိုးစားသင်ယူကြရန် မှာကြားလို ပါကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးသည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ သင်ကြားရန်နှင့် သင်တန်းမှ ရရှိလာသည့် ပညာရပ်များကို ရုံးလုပ်ငန်းပိုင်းတွင် လက်တွေ့နှင့်ယှဉ်၍ အသုံးချသွားရန်မှာကြားလိုပါကြောင်း၊ ယခုဖွင့်လှစ်သည့် Excel သင်တန်းသာမက Adobe Photoshop သင်တန်း၊ Adobe PageMaker သင်တန်းများကိုလည်းဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ညွှန်ကြားရေးမှူးများ အနေနှင့်လည်း သင်တန်းသား/သူများ ရွေးချယ်စေလွှတ်ရာ၌ မိမိတို့ဌာနမှာ လုပ်ဆောင်နေရသည့် ဘာသာရပ်အလိုက် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည့် ဝန်ထမ်းများကို ရွေးချယ်စေလွှတ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ လူမှုဝန်ထမ်းဦးစီးဌာန၏ Human Resources တိုးတက်လာစေမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



## (၃၆) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနား




**"နေ့စဉ်အခွင့်အရေးများမြှင့်တင်ရေး ကလေးများအသံ နားထောင်ပေး"** ဟူသော ဆောင်ပုဒ် နှင့်အညီ (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို (၂၀-၁၁-၂၀၂၅) ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ NGOs မှ တာဝန်ရှိသူများ၊ ဌာနငယ်/ သင်တန်း ကျောင်းများမှ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသားများ၊ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ရင်သွေးငယ်များ၊ ပရဟိတဂေဟာများမှ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများနှင့် ကလေးမိဘများ တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များမှအဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ကလေးများနေ့ Video Clip ပြသပြီးနောက် လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများမှ မူကြိုရင်သွေးငယ်လေးများကတေးသီချင်းများဖြင့် သရုပ်ဖော်တင်ဆက် ကပြဖျော်ဖြေခြင်း၊ ကဗျာ/ ပုံပြင်များဖြင့် စွမ်းရည်များအား သရုပ်ဖော်ပြသခြင်း တို့ဖြင့် တင်ဆက်ကပြခဲ့ကြပါသည်။




မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမျိုးသမီးသက်မွေး အတတ်သင်ကျောင်းမှ အမျိုးသမီး ကလေးသူငယ်များမှလည်းကောင်း၊ နားမကြားသော ကလေးများကျောင်းမှ ကျောင်းသူလေးများမှလည်းကောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ဧရိပ်မွန် အမျိုးသမီးဂေဟာနှင့် ပြည်လုံးချမ်းသာ ပရဟိတဂေဟာတို့မှ သမီးငယ်လေးများမှလည်းကောင်း အကပဒေသာဖြင့် သီဆိုကပြဖျော်ဖြေ ခဲ့ကြပြီး ဆုများအသီးသီး ချီးမြှင့်ခဲ့ကြပါသည်။

မွန်ပြည်နယ် အမှတ် (၁) မူလတန်းကြိုကျောင်းက သားငယ်၊ သမီးငယ်လေးများက **“သွေးချင်းတို့ရဲ့မြေ”** တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၃) မူလတန်းကြိုကျောင်းမှ သားငယ် ၊ သမီးငယ်လေးများက **“ရွှေမြန်မာ”** သီချင်းဖြင့်လည်းကောင်း၊ ချောင်းဆုံမူလတန်းကြိုကျောင်းမှ သားငယ်လေးများက **“တို့ရှမ်းဌာနေ”** တေးသီချင်းဖြင့်လည်းကောင်း၊ သံဖြူဇရပ်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများက **“အေးချမ်းတဲ့မွန်မြေ”**သီချင်းဖြင့်လည်းကောင်းအသီးသီးတေးသရုပ်ဖော်ဖျော်ဖြေ တင်ဆက်၍ ရင်သွေးငယ်လေးများအား မွန်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက အမှတ်တရ လက်ဆောင်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ကြပါသည်။




ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ဌာနငယ်၊ သင်တန်းကျောင်းများရှိ ရင်သွေးငယ်လေးများက **“ပြုံးပြုံးလေးနေပါ”** သီချင်းဖြင့်လည်းကောင်း၊ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းမှ **“သာစွဌာနေ ရာမညမြေ”** သီချင်းဖြင့်လည်းကောင်း၊ အမျိုးသမီးကလေး များသင်တန်းကျောင်း (မလိခ)မှ **“အလှကမ္ဘာမြေ”** သီချင်းဖြင့်လည်းကောင်း၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးစင်တာ (ရွှေပြည်သာ) မှ **“ကောက်စိုက်ချိန်”** သီချင်းဖြင့်လည်းကောင်း၊ မြင်သာမြို့ဦးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ **“ကကြိုးစုံညီဖေဖော်ဂျီ”** ရုပ်သေးကြိုးဆွဲ အကဖြင့် လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ် ချီးမြှင့်ပေးခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့်အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၂၅-၂၀၂၆) ဖွင့်ပွဲကို (၁၁-၁၁-၂၀၂၅) ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်း ကော်မတီ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အခြေခံစက်ချုပ်သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပါသည်။



သင်တန်းသို့ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၂၀ ဦးတက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ သင်တန်းနည်းပြ ဆရာမများက စက်ချုပ် သင်တန်းကို နိုဝင်ဘာလ ၁၁ ရက်မှ ဒီဇင်ဘာလ ၁၀ ရက် ထိ သင်တန်း ကာလတစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။

## မွန်ပြည်နယ် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲ



မွန်ပြည်နယ်၊ အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်း ခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံ ဆွေးနွေးပွဲကို (၁၁-၁၁-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ် ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာ မွန်ပြည်နယ်၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများဖယ်ရှားရေး နှင့် ပြန်လည်ကုစားရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူးမွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးကလုပ်ငန်းဆောင်ရွက် ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေ များအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာ ကော်မတီဝင်များက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဆွေးနွေး တင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ ဆပ်ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြား ခဲ့ပါသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကလေးအလုပ် သမားပပျောက်ရေးဆိုင်ရာ မွန်ပြည်နယ် အဆိုးရွားဆုံး ပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား (၂၀) ဦး တက်ရောက်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အစည်းအဝေးများ ကျင်းပဆောင်ရွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီ အစည်းအဝေး များကို (၂၄-၁၁-၂၀၂၅) ရက်တွင် အမှတ် ၆၄၊ ကမ္ဘာအေး ဘုရားလမ်း၊သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာဝင်းအတွင်းရှိ ICT Training Center တွင် ကျင်းပ ပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး (ရန်ကုန် တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ရန်ကုန်တိုင်း

ဒေသကြီး အမျိုးသမီး ကော်မတီဥက္ကဋ္ဌ) ၏ ခွင့်ပြုချက်ဖြင့် ကော်မတီဝင်ဌာနဆိုင်ရာများ၊ရန်ကုန်တိုင်းဒေသကြီး လူမှု ဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်လူမှုဝန်ထမ်းရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။





အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်းဒေသကြီးသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး) မှ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၀-၁၁-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ လူစည်ကားရာ ဈေးများနှင့် သင်္ဘောဆိပ်များ၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို လှည့်လည်အသိပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ အလက(ခွဲ-၃) ကျောင်း၌လည်းကောင်း၊ (၂၅-၁၁-၂၀၂၅) ရက်တွင် အထက (ကတ်တောင်)နှင့် အမက (ဝမ်ကွမ်း) ကျောင်း၌လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာ ပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၈-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ပါဆက်ရပ်ကွက်၌လည်းကောင်း၊(၁၈-၁၁-၂၀၂၅) ရက်တွင်အထက(ခွဲ)ရန်အောင်မြေကျောင်း၌လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကျောက်မဲခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ အထက (၃)နှင့် အထက (၄) ကျောင်းတို့၌လည်းကောင်း၊ (၁၁-၁၁-၂၀၂၅) ရက်တွင် အထက (၁)နှင့် အထက (၂) ကျောင်းတို့၌လည်းကောင်း၊ (၁၂-၁၁-၂၀၂၅) ရက်တွင် အမက (မူလွန်) ချောင်းချောက်နှင့် အမက (လွယ်ခေါ်) ကျောင်းတို့၌လည်းကောင်း၊ (၁၃-၁၁-၂၀၂၅) ရက်တွင် အထက(ခွဲ)လ-၃ ကျောင်း၌လည်းကောင်း သဘာဝဘေးအန္တရာယ် များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မိုင်းဆတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ မြို့မဈေးနှင့် ကုန်းကုလားဈေးတို့၌လည်းကောင်း၊ (၁၁-၁၁-၂၀၂၅) ရက်တွင် ဆိုက်ခေါင်လမ်းဆုံ၊ မြို့သစ်လမ်းဆုံ၊ ကျဒယ်လမ်းဆုံတို့၌လည်းကောင်း ငလျင်ဘေးနှင့် လေပြင်းဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မိုင်းပျဉ်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊အမက(မူလွန်ယမ်းမိုင်)ကျောင်း၌လည်းကောင်း၊ (၁၁-၁၁-၂၀၂၅) ရက်တွင် အမက (မိုင်းပျဉ်း) ကျောင်း၌လည်းကောင်း၊ (၁၂-၁၁-၂၀၂၅)ရက်တွင်အမက(ဝမ်မက်) ကျေးရွာ၌လည်းကောင်း၊ (၁၃-၁၁-၂၀၂၅) ရက်တွင် အထက(မိုင်းပျဉ်း)ကျောင်း၌လည်းကောင်း၊(၂၄-၁၁-၂၀၂၅) ရက်တွင် မိုင်းမန်းဘုန်းကြီးကျောင်း၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မိုင်းဆတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ အထက (ခွဲ) လ-၂ ကျောင်း၌လည်းကောင်း၊ အလက (ခွဲ-လွယ်ဆောင်ရွာ) ကျောင်း၌လည်းကောင်း၊ (၁၂-၁၁-၂၀၂၅) ရက်တွင် အလက (ခွဲ-မယ်နင်ရွာ) ကျောင်း၌ လည်းကောင်း၊ (၁၃-၁၁-၂၀၂၅) ရက်တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးကျောင်း၌လည်းကောင်း၊ (၁၇-၁၁-၂၀၂၅) ရက်တွင် အထက (မိုင်းဆတ်) ကျောင်း၌ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မူဆယ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၃-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မူဆယ် မြို့နယ်၊ အထက (ခွဲ-မန့်ဝိန်း) ကျောင်း၌ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၆-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းဖြတ် မြို့နယ်၊ ဆိုဆတ်ကျေးရွာနှင့် တာမကျေးရွာတို့၌ လည်းကောင်း၊ (၁၇-၁၁-၂၀၂၅) ရက်တွင် ပါဆန်းကျေးရွာ နှင့် ကချင်စံပြကျေးရွာတို့၌လည်းကောင်း မီးဘေးနှင့် ရေဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်ခြင်း နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



လင်းခေးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ လင်းခေး မြို့နယ်၊ အထက (ခွဲ-နားကုန်း)နှင့် အလက (နမ့်ဆိုင်း) ကျောင်းတို့၌လည်းကောင်း၊ (၁၈-၁၁-၂၀၂၅) ရက်တွင် အထက (ဝမ်ဟက်)၊ အထက (လင်းခေး) ကျောင်းတို့၌ လည်းကောင်း၊ (၁၉-၁၁-၂၀၂၅) ရက်တွင် အထက (ခွဲ) တောင်ရွာကျောင်း၊ အလက (ပုန်းထွန်) ကျောင်းတို့၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက် ၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။



လင်းခေးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာ၊ နမ့်ဆိုင်ကျေးရွာနှင့် ဝမ်ဟက်ကျေးရွာ တို့၌ လည်းကောင်း၊ (၁၈-၁၁-၂၀၂၅) ရက်တွင် တောင်ရွာ ရပ်ကွက်နှင့် ပုန်းထွန်ကျေးရွာတို့၌ လည်းကောင်း လေပြင်းဘေး ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည် အသိပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ပင်းတယမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၇-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ ပင်းတယ

မြို့နယ်၊ အမက (၅) အော်ယောကျောင်း၌ သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



ဟိုပုံးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၀-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ အမက (မူလွန်-လုံဟေး)နှင့် အမက (ထမ်းဖရား)ကျောင်းတို့၌ လည်းကောင်း၊ (၂၄-၁၁-၂၀၂၅) ရက်တွင် အမက (မူလွန်-၄)နှင့် အမက (မူလွန်-၆) ကျောင်း တို့၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အထက (လုံကား)နှင့် အထက (ခွဲ-နားဘောင်) ကျောင်းတို့၌ လည်းကောင်း၊ (၂၄-၁၁-၂၀၂၅) ရက်တွင် အလက (၅)နှင့် အလက(၇) ကျောင်းတို့၌ လည်းကောင်း၊ (၂၅-၁၁-၂၀၂၅) ရက်တွင် အလက (၈)နှင့် အလက (၁၁) ကျောင်းတို့၌ လည်းကောင်း၊ ကလောမြို့နယ်၊ မြို့ပေါ် ရပ်ကွက်များ၌လည်းကောင်း သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကျောက်မဲခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ဘူးခါးကျေးရွာ၊ လွယ်ခေါ်ကျေးရွာနှင့် နားခေါ်ကျေးရွာတို့၌ ငလျင်ဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၁-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊မြောက်ကုန်းရပ်ကွက်၊အခြေခံပညာအလယ်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။



ရေနံချောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၁၁-၁၁-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်း ကျေးရွာ၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။



မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၃-၁၁-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ မင်းလှ မြို့နယ်၊ရေခါးကျေးရွာအုပ်စု၊ရေခါးပရိယတ္တိစာသင်တိုက် ၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်း နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည်(၇-၁၁-၂၀၂၅)ရက်တွင်ကယားပြည်နယ်၊လွိုင်ကော် မြို့၊ အထက(၁)ကျောင်း၌လည်းကောင်း၊(၁၀-၁၁-၂၀၂၅) ရက်နှင့် (၁၇-၁၁-၂၀၂၅) ရက်တို့တွင် အထက (၅)နှင့် အထက (၇) ကျောင်းတို့၌လည်းကောင်း သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် (၇-၁၁-၂၀၂၅) ရက်တွင် ကရင်ပြည်နယ်၊ ဘားအံ ခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မဲဆမိတ်ကျေးရွာ၊ အခြေခံပညာ အထက်တန်း ကျောင်း၌လည်းကောင်း၊ (၁၀-၁၁-၂၀၂၅) ရက်တွင် လှိုင်းဘွဲ့မြို့နယ်၊ ဝင်းစိန်ကျေးရွာ၊ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) ၌လည်းကောင်း သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ဆောင်ရန်/ရှောင်ရန်အချက် များကိုအသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဘားအံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၃-၁၁-၂၀၂၅) ရက်တွင် ကရင်ပြည်နယ်၊ ဘားအံ မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ သီရိဈေး၊ ရဲသာကျေးရွာ၊ ကမော့ကစင်ကျေးရွာ၊ တော်ပုံကျေးရွာနှင့် ကော့မရမ်း ကျေးရွာတို့၌လည်းကောင်း၊ (၁၇-၁၁-၂၀၂၅) ရက်တွင် အမှတ် (၉) ရပ်ကွက်၊ လှာကဒေါင်ကျေးရွာ၊ ခလောက်နို့ ကျေးရွာ၊ အုန်းတပင်ကျေးရွာနှင့် ကော့ကသောင်ကျေးရွာ တို့၌လည်းကောင်း၊(၁၈-၁၁-၂၀၂၅)ရက်တွင်မဲဘောင်ဈေး၊ လှာကမြင်(ကွက်သစ်ဈေး)၊ တောင်ကလေး၊ လှာကမြင် ကျေးရွာပါယိုကျေးရွာနှင့်တဝန်ကျေးရွာတို့၌လည်းကောင်း၊ (၂၀-၁၁-၂၀၂၅) ရက်တွင် ထုံးအိုင်ဈေး၊ ထုံးအိုင်ကျေးရွာ၊ မုကဝါကျေးရွာ၊ နောင်ထလုံးကျေးရွာ၊ ကော့ဒါန်းမယ် ကျေးရွာ၊ အမှတ် (၁၂၅) ရပ်ကွက်၊ ရေပေါ်ဈေးနှင့် မြို့မဈေးတို့၌လည်းကောင်း၊ (၂၁-၁၁-၂၀၂၅) ရက်တွင် ဘားအံမြို့နယ် အတွင်းရှိ ကျေးရွာများ၌ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်

အချက်များကို လှည့်လည် အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၇-၁၁-၂၀၂၅) ရက်တွင် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (၁)နှင့် အ.ထ.က (၂) ကျောင်းတို့၌ (၁၀-၁၁-၂၀၂၅) ရက်တွင် ဇေယျာသီရိမြို့နယ်၊ စံပြအလင်္ကာကိုယ်ပိုင် အထက်တန်းကျောင်းနှင့် ဆန္ဒဆာရာဓမ္မစင်တာ စာသင်ကျောင်းတို့၌ လည်းကောင်း၊ (၁၂-၁၁-၂၀၂၅) ရက်တွင် ပျဉ်းမနားမြို့နယ်၊ အ.မ.က ဥယျာဉ်စုကျောင်းနှင့် ကံဦးမူလွန် (အနောက်) ကျောင်း တို့၌လည်းကောင်း၊ (၁၃-၁၁-၂၀၂၅) ရက်တွင် ပျဉ်းမနားမြို့နယ်၊ အ.လ.က-မင်္ဂလာ ဇေယျံ ကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (၃) စာသင်ကျောင်းတို့၌လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာ ပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၈-၁၁-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၁) ၊ အမှတ် (၂)နှင့် အမှတ် (၃) ရပ်ကွက်တို့၌လည်းကောင်း၊ (၁၁-၁၁-၂၀၂၅) ရက်တွင် လယ်ဝေးမြို့နယ် အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ (၁၀-၁၁-၂၀၂၅) ရက်၊ (၁၉-၁၁-၂၀၂၅) ရက်၊ (၂၁-၁၁-၂၀၂၅) ရက်နှင့် (၂၂-၁၁-၂၀၂၅) ရက်တို့တွင် ဇေယျာသီရိမြို့နယ် အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊(၁၇-၁၁-၂၀၂၅)ရက်တွင်လယ်ဝေးမြို့နယ် အတွင်းရှိ ရပ်ကွက် များ၌လည်းကောင်း၊ (၁၂-၁၁-၂၀၂၅) ရက်တွင် ပျဉ်းမနားမြို့နယ် အတွင်းရှိ ဈေးများ၌ လည်းကောင်း၊ (၂၀-၁၁-၂၀၂၅) ရက်၊ (၂၃-၁၁-၂၀၂၅) ရက်နှင့် (၂၄-၁၁-၂၀၂၅) ရက်တို့တွင် ပျဉ်းမနားမြို့နယ် အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ (၂၅-၁၁-၂၀၂၅) ရက်တွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဈေးများ၌ လည်းကောင်း ရာသီအလိုက်ဖြစ်ပွားတတ်သော သဘာဝ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို လှည့်လည်အသိ ပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၁-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က (၁၉)နှင့် ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း တို့၌ သဘာဝ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် ဗီနိုင်းပိုစတာနှင့် နံရံကပ်ပိုစတာများ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် ဥတ္တရခရိုင် ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် (၁၁-၁၁-၂၀၂၅)

ရက်၊ (၁၂-၁၁-၂၀၂၅) ရက်နှင့် (၁၃-၁၁-၂၀၂၅) ရက်တို့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိကျေးရွာများနှင့် ရပ်ကွက်များ၌ ရာသီအလိုက်ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၈-၁၁-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ (အ.ထ.က) တက်ရှိန်းကျောင်း၌လည်းကောင်း၊ (၁၉-၁၁-၂၀၂၅) ရက်တွင် (အ.ထ.က) တောင်ညိုကျောင်း ၌လည်းကောင်း၊ (၂၀-၁၁-၂၀၂၅) ရက်တွင် အ.ထ.က (ခွဲ) ပိုးစာတောကျောင်း၌လည်းကောင်း၊ (၂၅-၁၁-၂၀၂၅) ရက်တွင် (အ.ထ.က) သရက်တောကျောင်း၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များ နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၈-၁၁-၂၀၂၅)ရက်၊ (၁၉-၁၁-၂၀၂၅)ရက်၊ (၂၀-၁၁-၂၀၂၅) ရက်နှင့် (၂၅-၁-၂၀၂၅) ရက်တို့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရာသီအလိုက်ဖြစ်ပွားတတ်သော သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို လှည့်လည် အသိပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း သင်တန်းဖွင့်လှစ်ခြင်း



သရက်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၃-၁၁-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။



မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည်(၁၈-၁၁-၂၀၂၅)ရက်တွင်မကွေးတိုင်းဒေသကြီး၊မကွေးမြို့၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း (ခရိုင်အဆင့်) ကိုဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်း (၃၀) ဦး တက်ရောက် ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



မိုင်းဆတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၁၁-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ အထက (ခွဲ)၊ လ-၂ ကျောင်း၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခြင်းအား မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ ဆရာ/ဆရာမ များနှင့် ကျောင်းသား/ သူစုစုပေါင်း (၂၅၀) ဦးခန့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၂-၁၁-၂၀၂၅) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး) ၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းအား မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ သူ စုစုပေါင်း (၆၀၀) ဦးခန့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း မီးဘေးထောက်ပံ့ခြင်း

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်(၉-၁၁-၂၀၂၅)ရက်တွင်မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မြစ်လောင်းကျေးရွာအုပ်စု၊မြစ်လောင်းကျေးရွာ၌လည်းကောင်း၊(၁၈-၁၁-၂၀၂၅) ရက်တွင် အမရပူရမြို့နယ်၊ ဘုံးအိုကျေးရွာအုပ်စု၊ အလယ်ရပ်၌လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်များအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၁၁-၁၁-၂၀၂၅) ရက်နှင့် (၁၉-၁၁-၂၀၂၅) ရက်တို့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။



ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၅-၁၁-၂၀၂၅) ရက်တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ အမှတ် (၄) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၁၇-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၁၁-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရွှေလေးကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး

ပစ္စည်း (၁၆)မျိုးတို့ကို(၆-၁၁-၂၀၂၅)ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။



မြန်အောင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၁၁-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ဝက်တိုးအုပ်စု၊ ရေတွင်းကုန်း ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၂၄-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၅-၁၁-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကူသပိတ်အုပ်စု၊ ကြက်သွန် ခင်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၇-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁-၁၁-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာအုပ်စု၊ အနောက်ကျွန်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၅-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း လေပြင်းဘေးထောက်ပံ့ခြင်း



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁-၁၁-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပြလင်းအုပ်စု၊ ချောင်းကြီးကျေးရွာ၌ လေပြင်းဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို(၅-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလအတွင်း ထူးခြားဘေးထောက်ပံ့ခြင်း



ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၁၁-၂၀၂၅) ရက်တွင် ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ်၊ ကုန်းသာကျေးရွာ၌ မိုင်းနင်းမှုကြောင့်ဒဏ်ရာရရှိသူများအတွက် ဒဏ်ရာရထောက်ပံ့ငွေကို(၁၃-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၂-၁၁-၂၀၂၅) ရက်တွင် ကယားပြည်နယ်၊ ဒီးမော့ဆို မြို့နယ်၊ စံပြ (၆) မိုင်ကျေးရွာအုပ်စု၊ ဒေါပိုးစီကျေးရွာ၌ နေရပ် ပြန်လည်ဝင်ရောက် နေထိုင်သူများအတွက် လုံးဝပျက်စီးနေအိမ်များနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၅-၁၁-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ) တွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း၊ တောင်ပေါ်ဒေသမှ ပညာသင်ယူရန်ခက်ခဲသောကျောင်းသားများအား တွေ့ဆုံအားပေးခြင်း၊ လက်ခံစောင့်ရှောက်ထားသော လူကုန်ကူး ခံရသူများအား အားပေးစကားပြောကြားခြင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅)အား ဖွင့်လှစ်ဆောင်ရွက်ရန် ရည်ညွှန်းစာဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌကိုယ်စား ကျိုင်းတုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဆက်လက် ပြောကြားခဲ့ပါသည်။



အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျိုင်းတုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များစုစုပေါင်း(၇၅)ဦး တက်ရောက် ခဲ့ပါသည်။



ထို့နောက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ) တွင် လက်ခံ စောင့်ရှောက်ထားသော တောင်ပေါ်ဒေသမှ အတန်းပညာ သင်ယူရန်အခက်အခဲရှိသည့် ကျောင်းသားများနှင့်တွေ့ဆုံကာ တစ်ဦးချင်းစီ မိဘ နောက်ခံ အကြောင်းအရာနှင့် ပညာသင်ယူရာတွင် တွေ့ကြုံရသည့် အခက်အခဲ၊ ပညာသင်ကြားရေးအတွက် လိုအပ်သည်များ၊ နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနေမှု အခြေအနေ၊ လိုအပ်ချက်များ စိတ်ရှည် လက်ရှည်စွာ ထား၍ ခက်ခက်ခဲခဲကြိုးစားခြင်းဖြင့် အောင်မြင်နိုင်မှု ရနိုင်မှု အခြေအနေများကို တိုက်တွန်း အားပေးကာ ကျောင်းသားများနေသည့် အိပ်ဆောင်၊ အိပ်ဆောင် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေ၊စာကြည့်ခန်းနှင့် ချက်ပြုတ်ကျွေးမွေးသည့် အခြေအနေများ၊ အာဟာရ ပြည့်ဝစွာ ချက်ပြုတ်စားသောက် နေထိုင်စေရေး၊ စားချိန်၊ နားချိန် မျှတစွာဆောင်ရွက်၍ ပညာသင်ယူနိုင်ရေး၊ အားလပ်ချိန်များတွင် အသက်မွေးဝမ်းကျောင်းပညာ စိတ်ဝင်စားမှုများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ အား လမ်းညွှန်မှာကြားခဲ့ပါသည်။



ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (ကျိုင်းတုံ) ၌ လက်ခံစောင့်ရှောက်ထားသော လူကုန်ကူးခံရသူ အမျိုးသမီးများအား တွေ့ဆုံအားပေး ကာ လူကုန်ကူးခံရမှု အခြေအနေနှင့် လွတ်မြောက်လာမှု အခြေအနေ၊ ၎င်းတို့၏ ပညာအရည်အချင်းနှင့် မိဘ ပတ်ဝန်းကျင်နောက်ခံအကြောင်းအရာများ၊ မိမိနေရပ်သို့ ပြန်ချိန်တွင် ထပ်မံ၍လူကုန်ကူးမခံရစေရေး အလေးထား သိရှိရန်လိုအပ်သည့် အချက်များအား အားပေးစကား ပြောကြားကာ ကျိုင်းတုံစခန်းတွင် နေထိုင်စဉ်အတွင်း စားသောက်မှုနှင့် နေထိုင်မှု အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ တက်စွမ်းသရွေ့ ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်း ပြောပြခြင်း၊ မိသားစုနှင့် ပြန်လည်ဆက်သွယ်မှု ရရှိစေရေးနှင့် ဆောလျင်စွာ ပြန်လည်ပေါင်းစည်း နေထိုင်ရန် ကူညီဆောင်ရွက် ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နေ့လည်ပိုင်းတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း(ကျိုင်းတုံ)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ ဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြား ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)တွင် ရုံးအဆောက်အဦများအား လှည့်လည်စစ်ဆေးခြင်းနှင့် ဝန်ထမ်းများအားတွေ့ဆုံမှာကြားခြင်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့သို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြန်လည်ထူထောင် ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် **မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (တာချီလိတ်)** ၌ စခန်းအခြေပြုပြန်လည် ထူထောင်ရေး

သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းသားဆောင် အပေါ်ထပ်/အောက်ထပ်ရှိစားသောက်ရန်နေရာချထားမှု၊ ချက်ပြုတ်ရန်နေရာများ စီစဉ်ထားမှု၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရေး ဆေးပေးခန်း ပြင်ဆင်ထားမှု၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်နိုင်ရေးအားကစားခန်း ပြင်ဆင်မှု၊ သက်မွေးပညာ သင်ကြားရေးခန်း၊ နှစ်သိမ့်ဆွေးနွေးခန်းနှင့် စာကြည့်ခန်းစီစဉ်ထားမှု၊ ရေချိုးခန်းနှင့် ရေအိမ်များ သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ပါသည်။



ထို့နောက် စခန်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ သန့်ရှင်းသာယာရေး၊ သုံးရေလုံလောက်စွာ ရရှိစေရန် Ground Tank နှင့် ရေစင်ဆောက်လုပ်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခြင်း၊ တာချီလိတ်ပြန်လည်ထူထောင်ရေး စခန်းအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ခွင့်ပြုငွေဖြင့် ဆောက်လုပ် လျက်ရှိသော အုတ်တံတိုင်း ခြံစည်းရိုး ဆောက်လုပ်နေမှုအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။



ဆက်လက်၍ **မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)**ရှိဝန်ထမ်းများ နှင့် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ ဆောင်ရွက်ပြီး ဝန်ထမ်း တစ်ဦးချင်း တာဝန်ထမ်းဆောင်မှုနှင့် အခက်အခဲများအား ဆွေးနွေးဖြေရှင်းခြင်း၊ မကြာမီကျင်းပမည့် ရွေးကောက်ပွဲ တွင် တာဝန်ကျ ဝန်ထမ်းများ မဲပေးရန်ဆောင်ရွက်ထားမှု အခြေအနေ၊ အများပြည်သူအကျိုးအတွက် လူမှုဝန်ထမ်း ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ နယ်စပ်ဒေသ တွင် တာဝန်ထမ်းဆောင်နေခြင်းဖြစ်၍ ဝင်ငွေ/ ထွက်ငွေ မျှတစွာသုံးစွဲသည့် အလေ့အထရှိစေရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်မှု၊ Internet မှတစ်ဆင့် ကိုယ်စီတိုးတက်စေရေး စဉ်ဆက် မပြတ်ပညာရှာဖွေရန်လိုအပ်မှုတို့အား ဆွေးနွေးမှာကြား ခဲ့ပါသည်။

## ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)နှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) တို့ရှိ ရုံးအဆောက်အဦများအား လှည့်လည်စစ်ဆေးခြင်းနှင့် ဝန်ထမ်းများအားတွေ့ဆုံမှာကြားခြင်း




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင် လူကုန်ကူး ခံရသူများ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ (မန္တလေး)သို့ရောက်ရှိကာလက်ခံစောင့်ရှောက်ထားသော လူကုန်ကူးခံရသူ အမျိုးသမီးနေထိုင်မှု၊ စားသောက်မှု၊ နိုင်ငံတော်မှကူညီစောင့်ရှောက်မှုအခြေအနေအားကြည့်ရှု ကာ တစ်ဦးချင်းမိတ်ဆက်ပြီး လူကုန်ကူးခံရမှုဖြစ်ပေါ်

ခဲ့ရခြင်း အကြောင်းအရင်းများအား မေးမြန်းအားပေးခဲ့ပါသည်။ ထို့နောက် လတ်တလောကာလ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေအား ရှင်းလင်းခြင်း၊ ကမ္ဘာတဝှမ်းဖြစ်ပွားနေသည့် လူကုန်ကူးခံရမှုဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး အသိပညာများပေးခြင်း၊ ဂေဟာတွင် နေထိုင်စဉ်အတွင်း စားသောက်ရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန်အတွက်ဦးစီးဌာနကတိုင်းအစိုးရအဖွဲ့အပါအဝင်ဆက်နွှယ်ဌာနများနှင့် ညှိနှိုင်းကူညီပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ကန့်သတ်ချက်များအား ရှင်းလင်းအသိပေးခဲ့ပါသည်။ ဆက်လက်၍ ဂေဟာရှိ တာဝန်ကျဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များအား ဖြေရှင်းညှိနှိုင်းပေးခြင်း၊ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး တိုးတက်ကောင်းမွန် စေရန်အတွက် ကြိုးစားဆောင်ရွက်ရန်မှာကြားခြင်းနှင့် ဂေဟာရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားမှုအား လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ပါသည်။




ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) သို့ ဆက်လက်ထွက်ခွာခဲ့ပြီး စခန်းအဆောက်အဦနှင့် စခန်းပရဝဏ်အတွင်း သန့်ရှင်းသာယာလှပမှုနှင့် မိသားစုဝင်များစားဝတ်နေရေးအထောက်အပံ့ဖြစ်စေရန် တစ်နိုင်တစ်ပိုင် သီးပင်စားပင်များ စိုက်ပျိုးထားမှုအား ကြည့်ရှုစစ်ဆေးခြင်း၊ စခန်းအတွင်း/အပြင် လုံခြုံရေးနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးအားပေးခဲ့ပါသည်။

ထို့နောက် မကြာမီဖွင့်လှစ်မည့် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအတွက် သင်တန်းသားအိပ်ဆောင်များ၊ ရေချိုးခန်း၊ ရေအိမ်များ၊ မီးဖိုချောင်များ ပြင်ဆင်ထားမှု၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ရေးအတွက် ဘုရားခန်းနှင့် စာကြည့်တိုက်ပြင်ဆင်ထားမှု၊ သင်တန်းသားများ အသုံးပြုမည့် အိပ်ရာပစ္စည်းများ အနံ့အသက် ကောင်းမွန်စေရေးနှင့် သန့်ရှင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဆေးကုသမှု လိုအပ်သူများအတွက် ယာယီဆေးခန်းဆောင်ရွက်ပေးရန် စီစဉ်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။ ဆက်လက်၍ စခန်းနှင့်ဂေဟာတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဆန္ဒဖော်ထုတ်ပွဲ ဆောင်ရွက်ခဲ့ပြီး ရပ်ရွာအခြေပြုနှင့် စွမ်းရည်မြှင့် သင်တန်းများ ပုံမှန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊ မူးယစ်အသိပညာပေး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရန်၊ အိပ်ရာပစ္စည်းများ အထက်/ အောက်လှန်ခြင်း၊ နေပြခြင်း၊ ပရုတ်လုံးထည့်ခြင်းများပုံမှန်ဆောင်ရွက်ရန်၊ သက်တမ်းလွန်ပစ္စည်းများ စာရင်းပယ်ဖျက်နိုင်ရေး ဆောင်ရွက်ရန်၊ စတိုခန်းများ လေဝင်/ထွက် ကောင်းစေရန် အလေးထားဆောင်ရွက်ရန်၊ မိဘအပ်သင်တန်းသားများစောင့်ရှောက်နိုင်ရေး ပြင်ဆင်/ကြိုးစားရန်၊လူကုန်ကူးခံရသူများအားအသိပညာပေးခြင်းအလေးထားဆောင်ရွက်ရန်၊ လူကုန်ကူးခံရသူများအား နိုင်ငံတော်မှ ဆောင်ရွက်ပေးနေမှု အခြေအနေကိုတာဝန်ကျဝန်ထမ်းများ ကရှင်းပြရန်၊ ဝန်ထမ်းတစ်ဦးချင်းကိုယ်စီအရည်အသွေး တိုးတက်စေရေး အလေးပေး ဆောင်ရွက်ရန်၊ အခက်အခဲရှိပါက မိသားစုစိတ်ဓာတ်ဖြင့်ဖြေရှင်းပြီး လိုအပ်ချက်အား ရုံးချုပ်သို့ အချိန်နှင့် တစ်ပြေးညီ တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားသို့တက်ရောက်






**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်** **နေပြည်တော်**

(၃၆) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာ စကားပြောကြားရာတွင် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်တွင် ကျင်းပခဲ့သည့် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာတစ်ဝှမ်းလုံးရှိ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုရရှိစေရန်နှင့်အခွင့်အရေးများကိုဖော်ထုတ်မြှင့်တင်ပေးရန်အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဒေသ ဆိုင်ရာကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး နည်းစနစ်များနှင့်အညီ ကလေး သူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်း (၁၄၁)ကျောင်းအား ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည့်အပြင် ကိုယ်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (၁,၂၃၃) ကျောင်းအား အသိအမှတ်ပြုပြီး၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ကျပ် (၁,၃၀၆.၉၈၀/-သန်း) ကိုထောက်ပံ့ခဲ့ပါကြောင်း၊ပုဂ္ဂလိကမူလတန်းကြိုကျောင်း(၁,၁၄၀)ကျောင်းအားတည်ထောင် ခွင့်ပြုမိန့်များ ထုတ်ပေးပြီး နည်းပညာများ ပံ့ပိုး၍ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင်မူကြိုကျောင်း ဖွင့်လှစ်နိုင်ခြင်း မရှိသောဒေသများတွင် မိခင်ဝိုင်းများအား ဖွင့်လှစ်နိုင်ရေး အသိပညာပေးခြင်း၊နည်းပညာပံ့ပိုးပေးခြင်းဆောင်ရွက်လျက်ရှိပြီးမိခင်ဝိုင်း (၃၄၆) ဝိုင်းကို ထောက်ပံ့ငွေကျပ် ၂၀၁သန်းထောက်ပံပေးခြင်း၊ပြည်ထောင်စုနယ်မြေ၊နေပြည်တော်အတွင်းရှိဝန်ကြီးဌာနများတွင်လည်းအသက် ၆ လမှ ၃ နှစ် အရွယ် ကလေးများအတွက် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရေး နည်းပညာပံ့ပိုး ပေးလျက်ရှိပြီး နေ့ကလေးထိန်းကျောင်း (၁၄) ကျောင်း ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ရပ်ရွာအတွင်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးသူငယ်များအတွက် ပရဟိတဂေဟာများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ထုတ်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်ထောက်ပံ့ငွေကျပ် ၁,၆၄၅.၁၀၄/-သန်း ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ် အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program-MCCT) ကိုလည်း မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့်ထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကချမှတ်ထားသော ယခုနှစ်ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်မှာ "Listen to Children: my day, my rights" **"နေ့စဉ်အခွင့်အရေးများမြှင့်တင်ရေး၊ကလေးများအသံနားထောင်ပေး"** ဖြစ်ပါကြောင်း၊ ကလေးများအတွက်ဆောင်ရွက်ပေးသည့် လုပ်ငန်းများတွင် ကလေးများ၏ စိတ်ကူးဆန္ဒနှင့် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ကလေးသူငယ်တိုင်း၏ အနာဂတ်နှင့်ကောင်းမွန်လှပသည့်နေ့စဉ်ဘဝတွင်ကလေးအခွင့်အရေးများကိုအပြည့်အဝရရှိခံစားရင်းလူကြီးဘဝကိုအေးချမ်းပျော်ရွှင်စွာရောက်ရှိလာအောင်လည်း ဖော်ဆောင် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားခဲ့ပါသည်။